# ယူနန်ပြည်နယ်တဟုန်ထိုးတိုးတက်မှုများ

သတင်းထောက် ။ ။ အောက်တိုဘာလ (၁၈)ရက်နေ့တွင် (၁၉)ကြိမ်မြောက် တရုတ်နိုင်ငံကွန်မြူနစ်ပါတီ ပြည်လုံးကျွတ်လွှတ်တော်ကိုယ်စားအလှယ် အစည်းအဝေးကို ပေကျင်းမြို့တွင် ကျင်းပမည်။ (၁၈)ကြိမ်မြောက် တရုတ် နိုင်ငံကွန်မြူနစ်ပါတီ ပြည်လုံးကျွတ် ကိုယ်စားလှယ် အစည်းအဝေးကျင်းပပြီးချိန်မှ အချိန် (၅)နှစ်တာသည် ယူနန်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုအမြန်ဆုံး၊ ထုတ်ကုန်အရည်အသွေးအကောင်းဆုံး၊ ပြည်သူ့နေထိုင်မှု ကုန်ကျစရိတ်အသက်သာဆုံး အချိန်ကာလဖြစ်သည်။

## ဘဝပိုမိုချိုမြိန်သာယာလာခြင်း

လင်ချန်းမြို့ ကျိမ်ခေါင်းရွာ မောင်းပင်ရွာမာအန်းဆန်းရွာသို့ ရောက်ရှိလျှင် သင်းပျံ့မွှေးကြိုင်သော လက်ဖက်ခြောက်အနံ့ကို ရရှိပါလိမ့်မည်။"ဘဝမှာမျှော်လင့်ချက်တွေများလာပြီ"ဟူ၍ ရွာသားကျန်းရီဟောင်က ဝမ်းသာစွာပြောကြားခဲ့သည်။

၂၀၁၄ခုနှစ် စက်တင်ဘာလတွင် ကျန်းရီဟောင်သည် နိုင်ငံတော်ထောက်ပံ့ငွေဘဏ် အတိုးနည်းငွေချေးနှုန်းဖြင့် ယွမ်ငွေ၆သောင်းငွေချေးယူခြင်းကို လျှောက်တင်ခဲ့သည်။ မိမိ၏ လက်ဖက်စိုက်ခင်း (၆)မူကို (၅၀)မူအထိတိုးချဲ့ခဲ့သည့်အပြင် စက်ပစ္စည်းကိရိယာများကိုပါ တိုးချဲ့ခဲ့သည်။ "ဒီ(၂)နှစ်အတွင်း လက်ဖက်ခြောက်ရောင်းတာနဲ့တင်ဝင်ငွေ(၄)သိန်းလောက်ရပါတယ်။"ဟု ပြောသည်။ ကျန်းရီဟောင်သည် ဘဏ်မှ ချေးငွေများ ပြန်ဆပ်ပြီးသည့်အပြင် လွန်ခဲ့သောနှစ် ဆင်းရဲမွဲတေမှုလျှော့ချရေးတွင် နိုင်ငံတော်မှပေးသော ဆင်းရဲသားများ နေအိမ်ပြောင်းရွှေ့ရန် ထောက်ပံ့ငွေ(၄)သောင်းလည်း ရရှိခဲ့ပြီးနှစ်ထပ်အိမ်တိုက်သစ် ဆောက်နိုင်ခဲ့သည်။

ကျန်းရီဟောင်မိသားစုတို့၏ ပြောင်းလဲမှုသည် (၅)နှစ်အတွင်း ယူနန်သား၏ လူနေမှုအဆင့်အတန်းများမြင့်တင်လာသော ဥပမာတစ်ခုသာဖြစ်ပါသည်။ ၂၀၁၂ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း ယူနန်ပြည်နယ်ဒေသတွင်းထုတ်လုပ်မှုဂျီဒီပီသည် ယွမ်ငွေ (၁၀၃၀. ၉၄၇)ဘီလီယံမှ ယွမ်ငွေ (၁၄၇၁. ၉၉၅)ဘီလီယံအထိ တိုးများခဲ့ပြီး ပျမ်းမျှအားဖြင့်နှစ်စဉ် (၁၀. ၁)ရာခိုင်နှုန်းတိုးများခဲ့သည်။ တစ်ပြည်နယ်လုံး ဆင်းရဲသားလူဦးရေသည် ၂၀၁၂ခုနှစ်၏(၈. ၀၄)သန်းမှ ၂၀၁၆ ခုနှစ်၏ (၃. ၆၃)သန်းအထိ လျော့နည်းခဲ့သည်။ ၂၀၁၆ခုနှစ်တွင် တစ်ပြည်နယ်လုံးမှ တိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများ၏ စုစုပေါင်းထုတ်ကုန်တန်ဖိုးမှာ ယွမ်ငွေ(၆၀၆. ၈၆၅)ဘီလီယံရှိပြီး တိုင်းရင်းသားနယ်မြေများ၏ အဓိကစီးပွားရေးညွှန်းကိန်းသည်တစ်ပြည်နယ်လုံး၏ ပျမ်းမျှညွှန်းကိန်းထက်ပင် ပိုများခဲ့သည်။

## ပတ်ဝန်းကျင်ပိုမိုသာယာလာခြင်း





၂၀၁၆ခုနှစ်တွင် ယူနန်ပြည်နယ်၏ သစ်တောများဖုံးလွှမ်းမှုနှုန်းမှာ (၅၉. ၃)ရာခိုင်နှုန်းရှိပြီး တစ်ပြည်နယ်လုံး၏ ပုံမှန်ဂေဟစနစ် (၉၀)ရာခိုင်နှုန်းအထက်နှင့် အရေးကြီးမျိုးစိတ် (၈၅)ရာ ခိုင်နှုန်းအထက်သည် လုံခြုံစိတ်ချရသော ထိန်းသိမ်းစောင့်ရှောက်မှုများနှင့် ယုံကြည်စိတ်ချရသော ရေများဖြင့် ထိန်းသိမ်းခြင်းခံနေရပါသည်။

"အခုအလ်ဟိုင်ရေကန်ကြီးရဲ့ရေသားဟာ အရင်ကထက်ကောင်းလာတယ်"ဟု တာလီဘိုင်ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ်ခွဲ ဝမ်းချောင်မြို့နယ် ကူစိန်းရွာမှ ရွာသားလီတယ်ချောင်းကပြောခဲ့သည်။ သူ၏ဖုန်းတွင် အချိန်မတူ၊ ရှုတောင့်မတူသော နေရာမှ ရိုက်ထားသည့် အလ်ဟိုင်ရေကန်ကြီး၏ ပုံပေါင်းများစွာရှိနေပါသည်။ လီတယ်ချောင်းသည် နေ့စဉ်ကမ်းရိုးတန်း တစ်လျှောက်ကို လမ်းတစ်ပတ်လျှောက်လေ့ရှိပြီး နေ့စဉ် ပင်လယ်ရေ၏ ရေအရည်အသွေးကို မှတ်တမ်းတင်လျက်ရှိနေပါသည်။

ယခုနှစ်ပိုင်းတွင် အစိုးရမှထုတ်ပြန်သောဆောင်ရွက်ချက် အမျိုးမျိုးကြောင့် ဒေသခံများ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိအမြင်များပိုမိုတိုးပွားခဲ့သည်။ ဂေဟစနစ်စိုက်ပျိုးရေးအတွက် စမ်းသပ်မှုများ ပြုလုပ်ရန် ဒေသခံတော်တော်များများတို့သည် မိမိကိုယ်ပိုင်မြေများ ထုတ်ပေးကြသည်။ အလ်ဟိုင်ရေကန်ကြီး သန့်ရှင်းရေးသမားများ၊ မြစ်ရေစီးကြောင်းအုပ်ချုပ်သူ၊ ကမ်းခြေ အုပ်ချုပ်သူပေါင်း (၂၀၀၀)ကျော်ရှိပါသည်။

(ယူနန်နေ့စဉ်သတင်းစာ)

## ဖွံ့ဖြိုးတိုးတက်မှုပိုမိုပွင့်လင်းဖွင့်လှစ်လာခြင်း

ယူနန်ပြည်နယ်တွင် ပန်းပွင့်စံပြဥယျာဉ်ခြံဇုန်တွင်တည်ရှိသော ဟော်လန်လုပ်ငန်း ကူမင်းအန်းကျူပန်းဥယျာဉ်ကုမ္ပဏီလီမိတက်တွင် တောင်ချီရှိသော Anthuriumပန်းနှင့် လိပ်ပြာသစ်ခွပန်းများလှပစွာပွင့်လန်းနေလျက်ရှိသည်။ တရုတ်နိုင်ငံဈေးကွက်ပေါ်ရှိ (၉၅%)ရှိသော Anthurium ပန်းမျိုးစေ့များမှာ ဤနေရာမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ ဤနေရာရှိ (၉၈%)သော လိပ်ပြာသစ်ခွသည် ဥရောပတိုက်သို့ ထွက်ကုန်အဖြစ်ပို့ပေးသည်။

ဤခြံဇုန်တွင် တစ်နှစ်လျှင် အဆင့်အတန်းမြင့်ပန်းမာပေါင်းသန်းပေါင်း(၆၄၀)ဖူး၊ အိုးပန်းသိန်း(၁၀၀)ကျော်ထုတ်ခဲ့သည်။ နှစ်စဉ်ထုတ်လုပ်တန်ဖိုးသည် ယွမ်ငွေသန်းပေါင်း (၈၁၃)ရှိပြီးနိုင်ငံနှင့်ဒေသပေါင်း(၂၀)ကျော်ကို ထုတ်ကုန်တင်ပို့ကာ ထုတ်ကုန်ပမာဏသည် (၄၄%)ရှိနေပါသည်။ "ပန်းမာကို သယ်ပို့ရသည့်အချိန်က အလွန်အရေးကြီးလှသည်။ ခြံဇုန်သည် ချန်ရွှေအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် (၂၂)ကီလိုမီတာသာရှိကာ ခရီးစဉ်အရှိန်မြင့်ကားလမ်းမှ သွားပါက (၁၅)မိနစ်သာကြာသည်။" ဟု ခြံဇုန်တာဝန်ရှိသူကပြောသည်။ စိုက်ပျိုးရေးသည် လေဆိပ်စုဝေးသည်ကို မှီခိုကာအကျိုးသက်ရောက်မှုအားမှာ အဆပေါင်းများစွာ တိုးမြှင့်ခဲ့သည်။

ခြံဇုန်မှဖော်ပြသည့် အတိုင်း ယခုနှစ်ပိုင်း ယူနန်မှပြင်ပသို့ဖွင့်လှစ်သည့်ခြေလှမ်းမှာ ပိုမိုလျင်မြန်လာနေပါသည်။ယခုနှစ်ရှေ့နှစ်ဝက်အထိ ယူနန်နယ်ခြားတရုတ်ငွေ တွက်ချက်မှုပမာဏများမှာ စုစုပေါင်းယွမ်ငွေ (၃၀၅. ၀၁) ဘီလီယံရှိပြီး ပြည်ပကုန်သွယ်သွင်းထုတ်ကုန် စုစုပေါင်းပမာဏသည် ယခင်နှစ်ထက်ကာလတူ(၁၀. ၄%)တိုးမြှင့်ခဲ့သည်။ ယခုနှစ်ဇူလိုင်လအထိ တစ်ပြည်နယ်လုံးမှ ပြည်ပရင်းနှီးမှုငွေစစ်မှန် အသုံးပြုနှုန်းနှင့် ပြည်နယ်အပြင်မှသွင်းထည့်သည့်အရင်းငွေမှာ အမေရိကန်ဒေါ်လာစုစုပေါင်း(၉. ၆၉၇)ဘီလီယံနှင့် ယွမ်ငွေပေါင်း(၂၈၂၀)ဘီလီယံ ရောက်ရှိခဲ့သည်။

## "ကမ္ဘာ့ငြိမ်းချမ်းရေးပန်းခြံ" ဖူအော့တွင်အခြေချ

ယခုရက်ပိုင်း ဖူအော့ထိုက်ရန်ဟော အမျိုးသားဥယျာဉ်ကို ကမ္ဘာ့ငြိမ်းချမ်းရေး ခရီးသွားသုတေသနအဖွဲ့မှ "ကမ္ဘာ့ငြိမ်းချမ်းရေးပန်းခြံ"အဖြစ် အမည်ချီးမြှင့်ခြင်းခံခဲ့ရသည်။ တရုတ်နိုင်ငံတွင် ပထမဦးဆုံးသော "ကမ္ဘာ့ငြိမ်းချမ်းရေးပန်းခြံ" ဖြစ်လာခဲ့သည်။

ဖူအော့ထိုက်ရန်ဟော အမျိုးသားဥယျာဉ်၏ ဆီညှိမြက်ခင်းဧရိယာတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားပေါ်မှာ ကမ္ဘာ့ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့မှ ကမ္ဘာ့ငြိမ်းချမ်းရေးခရီးသွား သုတေသနဌာန၊ တစ်ပြည်လုံးဆိုင်ရာ စက်မှုကုန်သည်ကြီးများအသင်း၊ ဟောင်ကောင်တရုတ်ကုန်သည်ကြီးများအသင်းနှင့် ဖူအော့မြို့ကိုယ်စားလှယ်တို့အတူတကွ" ဖူအော့ထိုက်ရန်ဟော ကမ္ဘာ့ငြိမ်းချမ်းရေးဥယျာဉ်"ကို ပွဲထုတ်မိတ်ဆက်ခဲ့ပြီး ဟောဖင်(ငြိမ်းချမ်းရေး)အပင်များအတူ စိုက်ပျိုးခဲ့ပါသည်။



ကမ္ဘာ့ငြိမ်းချမ်းရေး ခရီးသွားသုတေသနဌာနသည် ၁၉၈၇ခုနှစ်တွင် ကနေဒါနိုင်ငံ၌စတင် တည်ထောင်ခဲ့သည်ဟု သိရသည်။ ငြိမ်းချမ်းရေး၊ ရေရှည်တည်တံ့နိုင်သောဖွံ့ဖြိုးတိုးတက်မှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစသောအတွေးအမြင်များ၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နားလည်မှုမြှင့်တင်ရေးကို ကတိသစ္စာပြုကာ ကြိုးစားအားထုတ်၍လုပ်ဆောင်နေပါသည်။

သတင်းထောက် - ကျူးဟိုင်